ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 13 December 2024 ၁၁၆၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

# ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်
# မိမိတို့ စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်

## မိမိတို့တာဝန်ကျသည့် စစ်မြေပြင်နှင့် လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစား

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




ကြေးမုံ

# ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည်။ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည်။ ဦးတည်ချက်(၉)ရပ်သည် နိုင်ငံတော်၏ မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏လုပ်ငန်းတာဝန်အနှစ်ချုပ်ဖြစ်သည်။ အဆိုပါရည်မှန်းချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်က တိုက်ရိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖွဲ့အစည်းများကလည်း တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

"ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး" ဆိုသည့် အချက်နှင့်ပတ်သက်၍ ၎င်းအပေါ်အခြေခံ၍ မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုသွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာလ ၃ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်တွင် "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံ့တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသည့် နိုင်ငံတော်၏အန္တိမရည်မှန်းချက်ကို ချမှတ်ထားသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများအခန်းကဏ္ဍသည် အရေးကြီးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လုပ်ငန်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိတွင် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိပြီး တည်ထောင်ခွင့်စိစစ်ဆဲပါတီ တစ်ပါတီရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မရဘဲ လေ့လာခွင့်သာရရှိခဲ့သည့်အချက်ကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ထားသည်။

ကျင်းပပြီးခဲ့သည့် ရွေးကောက်ပွဲများကိုအခြေခံပြီး အားသာချက်၊ အားနည်းချက်များကိုဖော်ထုတ်၍ တရားမျှတမှုရှိအောင် ဆောင်ရွက်နေသည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကားငါးမျိုးဖြင့် ဖတ်ရှုလေ့လာနိုင်အောင် ဝက်ဘ်ဆိုက်တွင် နိုဝင်ဘာလ ၂၂ ရက်နေ့က လွှင့်တင်ထားပြီးဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်သိက္ခာရှိသော ရွေးကောက်ပွဲနှင့် သိက္ခာရှိသော လွှတ်တော်ပေါ်ထွန်းလာစေရန်အတွက် အရည်အချင်းရှိသော လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာက လိုလားနှစ်သက်သည့် ပြည်သူများ၏ဆန္ဒဖြစ်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးအကောင်အထည်ဖော်သည့်အချိန်မှစ၍ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့်၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာတွင် သုံးကြိမ်မြောက်ကျင်းပသည့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲသမိုင်း၌ အစွန်းအထင်းဖြစ်စေခဲ့သော အရုပ်ဆိုးအကျည်းတန်သည့် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းကိုသင်ခန်းစာယူ၍ လာမည့်ရွေးကောက်ပွဲတွင် စည်းကမ်းစနစ်ကျနပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏မျှော်မှန်းချက်၊ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး" နိုင်ငံရေးဦးတည်ချက် အကောင်အထည်ပေါ် အောင်မြင်ဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့်အတူ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# MPT ၏ "(၁၀)နှစ်ပြည့်ဝယ် ငွေထုပ်ပိုက်မယ်" အစီအစဉ် ကံထူးရှင်များအား ဆုများ ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၂

MPT ၏ "(၁၀)နှစ်ပြည့်ဝယ် ငွေထုပ်ပိုက်မယ်" အစီအစဉ်မှ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲနှင့် "ကံထူးပျော်ရွှင် ဆုများစုံလင်" အစီအစဉ်သစ် မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် MPT ဈေးကွက်ရေးရာဌာနမှ ဒုတိယဒါရိုက်တာ Mr.Kazuya TAKAHASHI က အမှာစကားပြောကြားပြီး "(၁၀)နှစ်ပြည့်ဝယ် ငွေထုပ်ပိုက်မယ်" သိန်း ၄၀၀၀ ချီးမြှင့်သည့် အစီအစဉ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် သိန်း ၁၀၀ ကံထူးရှင်များ၏ ဗီဒီယိုမှတ်တမ်းကို ပြသကာ ပေးအပ်ရန်ကျန်ရှိသည့် မကွေးတိုင်းဒေသကြီးမှ ကျပ်သိန်း ၁၀၀၀ ကံထူးရှင်ဇနီးမောင်နှံ၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျပ်သိန်း ၁၀၀ ကံထူးရှင် သုံးဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ရွှေနှစ်ကျပ်ခွဲသားကံထူးရှင်တစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။




ထို့နောက် ဒုတိယအကြိမ်မြောက် ငွေသားကျပ်သိန်းပေါင်း ၄၀၀၀ ချီးမြှင့်မည့် ကံစမ်းမဲများပါဝင်သော "ကံထူးပျော်ရွှင် ဆုများစုံလင်" အစီအစဉ်ကို မိတ်ဆက်ပြီး ယင်းအစီအစဉ်ကို ဒီဇင်ဘာ ၁ ရက်မှ ဖေဖော်ဝါရီလကုန်အထိ MPT ပက်ကေ့ချ်ဝယ်ယူသုံးစွဲသူများ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကန့်ကြီးထောင့်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ ပူးပေါင်းပြီး (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ အစရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်သီတာဝင်းတို့က ကျောင်းသား ကျောင်းသူများကို အသိပညာ၊ ဗဟုသုတရရှိစေရန်အတွက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို လိုက်လံရှင်းလင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး နေ့လယ်စာ စားသောက်ဖွယ်ရာများကို ဝေငှပေးခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၄၀၀ | ၃၀၃ | ၂,၅၁၉,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁,၇၅၀ | ၅,၅၁၂,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၄၃၄ | ၈၄၆,၃၀၀ |
| TMH | ၂,၉၅၀ | ၃,၀၀၀ | ၉၂၇ | ၂,၇၇၉,၆၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၀၁ | ၈၄၉,၂၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅၄ | ၂၃၂,၂၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၅၀ | ၄၁ | ၁၂၇,၁၅၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၂၅၀ | ၁၀ | ၃၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

☆ **ရွှေဖုံးမှ**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀ ဗိုလ်လောင်း ဖြိုးကိုကို၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၃၄ ဗိုလ်လောင်း သန်းထိုက်အောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃ ဗိုလ်လောင်း အောင်ဖြိုးခိုင် တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်ဂျင်နီယာတပ်ဖွဲ့သည် တပ်မတော်၏ အားထားရသည့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ခေတ်အဆက်ဆက် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်း/တပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကဏ္ဍများမှာ စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခဲ့သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်သားအင်ဂျင်နီယာပညာရှင်များက ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀ ဗိုလ်လောင်း ဖြိုးကိုကိုအား ဆုပေးအပ်ချီးမြှင့်စဉ်။

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ်မူတည်ပြီး တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော်နည်းပညာတက္ကသိုလ်မှ သင်ပေးလိုက်သည့် အခြေခံအင်ဂျင်နီယာပညာရပ်များသည် တူညီမှုရှိသည့်အတွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာအရာရှိကောင်းများအဖြစ် ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် အခြေခံကျင့်ဝတ်၊ စည်းမျဉ်းများကိုလိုက်နာသွားကြရမည်ဖြစ်ကြောင်း။

**မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိ**

**အရည်အချင်းရှိသော အင်ဂျင်နီယာအရာရှိများ မွေးထုတ်ပေးရန်အတွက် အရည်အသွေး အာမခံမှုရှိရမည်ဖြစ်သဖြင့် အင်ဂျင်နီယာပညာရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အရည်အသွေးစိစစ်အသိအမှတ်ပြုမှု (Accred-itation)စဉ်ဆက်မပြတ်ရရှိရေး မျက်ခြည်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊** အင်ဂျင်နီယာ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော ကောင်းမွန်သည့် စံနှုန်းများ၊ Guideline များနှင့် အညီ အရည်အသွေးအာမခံမှု (Quality Assurance)ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ တပ်မတော်၏ အင်ဂျင်နီယာစွမ်းပကားသည် နိုင်ငံတော်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့ »»**

»» စာမျက်နှာ ၃ မှ

အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy)ရှိရန်လိုအပ်ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာနည်းပညာဖြင့် သော်လည်းကောင်း၊ အင်ဂျင်နီယာများမှ သော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့ အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လိုအပ်ပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့် သက်ဆိုင်သည်များကို အမြဲမပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**☆ အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာပညာဒဿန (Engineering Philosophy)ရှိရန်လိုအပ်ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာနည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှ သော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်**

**☆ မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရမည်**

**နည်းပညာ၏**
**အခန်းကဏ္ဍ အလွန်အရေးပါ**

ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်ရင် အဆင့်မြင့်နည်းပညာများကို အသုံးပြုပြီး အီလက်ထရောနစ်စစ်ဆင်ရေးနှင့် သတင်းအချက်အလက်စစ်ဆင်ရေးများကို ထိရောက်စွာ ပုံဖော်တိုက်ခိုက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။**

ထိုသို့ ပြောင်းလဲတိုးတက်နေသည့် **စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်အတွက် မိမိတို့စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး မိမိတို့ တာဝန်ကျသည့် စစ်မြေပြင်နှင့် လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။**

ယနေ့ခေတ် စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် ဉာဏ်ရည်တုနည်းပညာ(Artificial Intelligence – AI)ကို ပိုမိုအသုံးပြုလာကြသဖြင့် ဉာဏ်ရည်တုနည်းပညာနှင့် ပတ်သက်၍ လေ့လာသုတေသနပြုမှုနှင့် စမ်းသပ်တီထွင်ထုတ်လုပ်မှုများကိုလည်း အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် မျက်မှောက်ခေတ်စစ်မြေပြင်သည် သတင်းအချက်အလက်နည်းပညာ(Information Technology)ကို အခြေခံပြီး Digitalized Battle Field အသွင်ဆောင်လာနေခြင်းကြောင့် သတင်းအချက်အလက်နည်းပညာများကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားရန် မှာကြားလိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး တိုက်ပွဲဝင်အသင့်(Fit For Fight)ဖြစ်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန်လည်း မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၃၄ ဗိုလ်လောင်း သန်းထိုက်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၅၃ ဗိုလ်လောင်း အောင်ဖြိုးခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်သတင်းများကို သိလျှင်သိချင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်သွားရောက် ကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အား အစွမ်းကုန်သုံးပြီး သဘာဝဘေးသင့်ဒေသများ မူလအခြေအနေ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

»» **စာမျက်နှာ ၄ မှ**

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တာဝန်သိသိဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် တစ်နည်းအားဖြင့် အင်ဂျင်နီယာ စွမ်းပကားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ထားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလများတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief–HADR)လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

**မှန်မှန်ကန်ကန်ဖြင့်**
**ဦးဆောင်ပြီး စီမံခန့်ခွဲ**

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် အဆင့်မြင့်နည်းပညာများကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသုတေသနပြုတီထွင်နေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါပင်ကိုဗီဇဟု ယခင်က သတ်မှတ်ကြသော်လည်း ယခုအခါတွင် ခေါင်းဆောင်မှုအရည်အချင်းသည် လေ့ကျင့်ယူနိုင်သည့် အရည်အသွေးအဖြစ် သတ်မှတ်လာကြပြီဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန်လိုအပ်ပြီး မိမိဦးဆောင်သည့်အဖွဲ့အစည်း၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်သာချောင်ချိမှု၊ အုပ်ချုပ်မှုကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲသွားကြရန် အလေးထားမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်ရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်အစဉ် ထက်မြက်နေရန်လိုကြောင်း၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေမှသာ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

**စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့်ကာကွယ်ရေးနှင့် စွမ်းအားရှိသည့် ကာကွယ်ရေးနှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုအပ်**သကဲ့သို့ စွမ်းအားရှိရန်အတွက် လက်နက်၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ အားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုအပ်ကြောင်း။

အုပ်ချုပ်မှုစွမ်းရည် ကောင်းမွန်စေရန်အတွက်လည်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်အောင် လေ့လာသွားကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူထားသည့် တပ်ဖွဲ့များကို အုပ်ချုပ်မှုညီညွတ်မျှတစေရန်နှင့် သက်သာချောင်ချိရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ စည်းရုံးရေးစွမ်းရည်ကောင်းမွန်စေရန်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိအောင် မိမိတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များကို တစည်းတလုံးတည်း ဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အရည်အသွေးရှိသည့် အင်ဂျင်နီယာပညာရေးစနစ်ဖြင့် သင်ကြားလေ့ကျင့်ခဲ့မှုများကို အခြေခံပြီး မိမိတို့ဘဝတစ်လျှောက်လုံး အစဉ်တိုးတက်မှုရှိအောင် စဉ်ဆက်မပြတ် ဆက်လက်လေ့လာ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မျက်မှောက်ကာလ နည်းပညာတိုးတက်မှုများကိုအသုံးချပြီး နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာ သုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စည်းကမ်း၊ ကျင့်ဝတ်အရာမှာ စံနမူနာပြအဖြစ် ကျင့်ကြံပြီး မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သည့် အင်ဂျင်နီယာ အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သင်တန်းကာလခြောက်နှစ်တာ ကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာသင်ကြားမှုအပိုင်းတို့တွင် ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို စောင့်ထိန်းမှုတို့ကြောင့်ရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုများပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်တောင်သူများဖြစ်ကြသည်ကို တွေ့ရှိရပြီး ငယ်စဉ်ကလေးဘဝမှစ၍ ယခုအချိန်အထိ ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ပေးခဲ့ရမည်ဖြစ်ကြောင်း၊ မိဘ၊ ဆရာများ၏ ဆိုဆုံးမမှု၊ သင်ကြားမှုအောက်တွင် ကောင်းမွန်စွာ ကြီးပြင်းလာခဲ့ပြီး မိမိကိုယ်ကို ထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံ စိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာပေပညာအပြင် အတတ်ပညာကိုပါ သင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့်ပညာရပ်များကိုသင်ယူခဲ့ရသည် ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာသည် အလွန်လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သည့် လေ့လာမှု၊ သုတေသနပြုမှု၊ ကြိုးစားအားထုတ်မှုများဖြင့် ခေတ်ကို မျက်ခြည်မပြတ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်သကဲ့သို့ တပ်မတော်အပေါ်တွင်လည်း ကျေးဇူးသစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပပျောက်စေရေးအတွက် စစ်သားကောင်းတစ်ယောက်ပီသစွာဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိသားစု၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❖ **စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့်ကာကွယ်ရေးနှင့် စွမ်းအားရှိသည့်ကာကွယ်ရေး နှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန် လိုအပ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျောင်းဆင်းအရာရှိများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် ဂုဏ်ပြု စစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတ အဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်ပေးထားမှုအခြေအနေများနှင့် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၈ သို့ ❂**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သူတစ်ဦးအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေအား မေးမြန်းပြီး အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်တစ်ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ယုဇနမြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ချယ်ရီမြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❂ စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း အဖွဲ့ဝင်များလိုက်ပါ၍ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက် ကုသလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှေးဟောင်း တပ်မတော်ဧည့်ရိပ်သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့သို့ ရောက်ရှိကြပြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှေးဟောင်း အဆောက်အအုံများ ဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အခြေအနေများ၊ ထိန်းသိမ်းမှု ဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန် လိုအပ်သည့် ပရိဘောဂများနှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ရှေးဟောင်းလက်ရာ ပစ္စည်းများကိုသာ အတတ်နိုင်ဆုံး ရှာဖွေထည့်သွင်းသုံးစွဲရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားပြီး ဧည့်ရိပ်သာများ၏ အတွင်းပိုင်းနှင့် အပြင်ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် ပြင်ဦးလွင်မြို့ရှိ အခြားရှေးဟောင်း အဆောက်အအုံများကိုလည်း စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဆောင်ရွက်သွားရန် အတွက်တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ သဇင်မြိုင်အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်နှင့် ရှေးဟောင်းအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့ နံနက်ပိုင်းတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ တူးဖော်ဆယ်ယူပြီးသော ရှေးဟောင်းရေကန်ဖြစ်သည့် မင်္ဂလာကန် (၃)၊ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန လေ့လာဆန်းစစ်ရေးအဖွဲ့ (ASI)အဖွဲ့ ပြုပြင်ထိန်းသိမ်းခဲ့သည့် ရှေးဟောင်းအဆောက်အအုံ အမှတ်-၁၇၉၁ (ရွာဟောင်းကြီးဘုရား)နှင့် ရှေးဟောင်းအဆောက်အအုံအမှတ် - ၂၃၅ (သိကြားပုန်းဘုရား)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan) ရေးဆွဲနိုင်ရေး ပညာရှင်များနှင့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့များဖြင့် ကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

**ကဏ္ဍအလိုက်ဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ရောက်ရှိစဉ် လမ်းညွှန်ချက်ဖြစ်သော ရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးအတွက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master Plan)အား ခြောက်လအတွင်း အပြီးရေးဆွဲနိုင်ရေး ကဏ္ဍအလိုက်ဆောင်ရွက်နိုင်ရန် အတွက် မြေပြင်အခြေအနေ အသေးစိတ်ကြည့်ရှု၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဦးစီးကော်မတီသို့ တင်ပြနိုင်ရေးအတွက် အဖွဲ့လိုက် တင်ပြကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ)နှင့် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးကြပြီး လုပ်ငန်းအဖွဲ့ လေးဖွဲ့က ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)က ပေါင်းစပ်ဆွေးနွေးပေးပြီး ရွှေစည်းခုံပရဝဏ်အတွင်းရှိ တံတိုင်းအခြေစမ်းသပ်တူးဖော်ထားသည့်နေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ မြဝတီရုပ်မြင်သံကြား (နေပြည်တော်)အား ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦး ဦးဆောင်သော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြဝတီရုပ်မြင်သံကြား (နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ တပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဦးစွာ လေ့လာရေးအဖွဲ့သည် ပင်မအဆောက်အအုံရှိ Production Theatre ခန်းမတွင် မြဝတီရုပ်မြင်သံကြား " MWD Variety Theme Song" ဖြင့် ဧည့်ခံတင်ဆက်မှုနှင့် " Channel Profile" ပြသမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် မြဝတီရုပ်မြင်သံကြား (နေပြည်တော်)တပ်မှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စက်မှုဌာနမှူးက ပင်မထုတ်လွှင့်ရေးစက်ရုံ၏နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား (နေပြည်တော်)ရှိ Production Studio Room တွင် Healthy Life Program ရိုက်ကူးရေးဆောင်ရွက်နေမှု၊ Master Control Room တွင် Monitoring System နှင့် Storage Server တို့၏ ဆောင်ရွက်နိုင်မှု၊ Live Stream သတင်းထုတ်လွှင့်နေမှု၊ News Studio Room တွင် ပြည်တွင်းသတင်းထုတ်လုပ်မှုနှင့် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေးဆောင်ရွက်မှု၊ Presentation Room တွင် နေ့စဉ်ထုတ်လွှင့်သည့် အစီအစဉ်များအား ကြည့်ရှုလေ့လာမေးမြန်းကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား ပင်မထုတ်လွှင့်ရေးစက်ရုံရှိ စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းကြပြီး မြဝတီရုပ်မြင်သံကြား (နေပြည်တော်) တပ်မှူးက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းဘဲတန်းမြို့နယ်၌ ရွှေပညာဒါန(အခမဲ့) ရွှေပညာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် (၃၅) ကြိမ်မြောက် ရွှေပညာဒါန ( အခမဲ့ ) ရွှေအသိပညာပေးသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။



သင်တန်းဆင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးချိုက သင်တန်းဆရာ ဆရာမများနှင့်ပညာရှင်များ၊ ပံ့ပိုးကူညီကြသူများကို ကျေးဇူးတင်စကားပြောကြားသည်။

**လက်မှတ်များပေးအပ်**

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၄၉ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ရွှေပညာဒါန (အခမဲ့) သင်တန်း၏ ရှစ်ရက်မြောက်နေ့တွင် အသုံးချရွှေသင်္ချာဘာသာရပ်ကို အသင်းအမှုဆောင်ဆရာ ရဲမာန်အောင် (ဦးအောင်ဆန်း )က ပို့ချခဲ့သည်။

**မျိုးမင်းသူရ**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများ အရ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရွှေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

## ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆု ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲ တတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် ဒေါ်သန်းသန်းက အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အမှုဆောင် ဒေါ်ဂျနီဖာတင်လေးက အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ရန်ကုန်တိုင်း ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ထက်ထက်အောင်က အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က **စာမျက်နှာ ၁၀ သို့** ○

❍ စာမျက်နှာ ၉ မှ

အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

**တက်ရောက်ကြည့်ရှုအားပေး**

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား အမျိုးသမီး အသက် ၂၀ အောက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံအဖွဲ့ဝင် ဦးမျိုးချစ်က အမျိုးသား၊ အမျိုးသမီးအတွဲလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင် (Mascot) အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံအစိုးရက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်တန်ချိန် ၂၂၀၀ လွှဲပြောင်းလက်ခံ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံအစိုးရက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ဆန်တန်ချိန် ၂၂၀၀ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ASIA WORLD ဆိပ်ကမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur နှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သံအမတ်ကြီးက ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့်ဆန်တန်ချိန် ၂၂၀၀ တင်ဆောင်လာသည့် ဆန်ကွန်တိန်နာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ခိုင်မြဲအောင်က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ နေမျိုးအောင်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝိုင်းမင်းခန့်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ညီညီထွန်းက ပထမ၊ မွန်ပြည်နယ်မှ မင်းမြတ်သူက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရဲချစ်နိုင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ထက်ကောင်းဝေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ သန်းပြည့်အောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ကောင်းဆက်ဇော်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဟဲပွဲ့မှူးက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ တင်မိုးအောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မင်းသိခ်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ သီဟနိုင်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လပြည့်အောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ နှင်းရွှေရည်က ပထမ၊ ကယားပြည်နယ်မှ အေးအေးစံက ဒုတိယ ၊ ရှမ်းပြည်နယ်မှ လွေးပိုးညိမ့်ကီက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ သုန္ဒာလွင်က ပထမ၊ ရခိုင်ပြည်နယ်မှ ရီရီငွေးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိမ့်သိမ့်သူက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ နွေဦးခိုင်က ပထမ၊ တနင်္သာရီတိုင်းဒေသကြီးမှ ကေဇင်ဖြိုးက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ အေးစန္ဒာမိုးက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဖြူသီဦးက ပထမ၊ ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီရိလင်းလင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မြတ်နိုးသူက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ စုမြတ်သွယ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၅၅-၆၀ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ရဲရင့်အောင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ စန်းအောင်က ဒုတိယ၊ မွန်ပြည်နယ်မှ စောမိုင်းမိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မြတ်နိုးဦးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နှင်းဦးလှိုင်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သဲနုခိုင်က ဒုတိယ၊ မွန်ပြည်နယ်မှ သိမ့်သိမ့်တုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မြသန္တာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားအတိုက်အပြပြိုင်ပွဲတွင် ကရင်ပြည်နယ်က ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နေဝန်းဆန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ လှိုင်ဝင်းထက်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ဟိန်းသူရအောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသားလက်သိုင်းပြစွမ်းရည်ပြပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ နိုင်အောင်ရွှေက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဖြိုးငွေစိုးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သန့်ဇင်သူက တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့က ပူးတွဲတတိယဆုတို့ကို ရရှိခဲ့သည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဓာတ်ပုံ-မျိုးထက်)

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ် အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ်အသင်းက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့က ပူးတွဲတတိယ ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (C ) ၌ ကျင်းပရာ အမျိုးသား ၈၁ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ခန့်စိုးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ထက်အောင်ဟိန်းက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ပိုင်နှင့် ရှမ်းပြည်နယ်မှ စိုးသူရနောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား ၉၀ ကီလိုတန်းအောက် ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မိုးမြင့်ဦးက ပထမ ၊ ဧရာဝတီတိုင်းဒေသကြီးမှ စထက်ဝေဖြိုးက ဒုတိယ၊ မွန်ပြည်နယ်မှ အဂ္ဂပိုင်ဇေနှင့် မကွေးတိုင်းဒေသကြီးမှ ချမ်းကိုကိုတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား ၁၀၀ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ သန့်စင်အောင်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇော်လင်းဖြိုးက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်ပိုင်ခန့်နှင့် ရှမ်းပြည်နယ်မှ ခွန်နေလင်းဟိန်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား ၁၀၀ ကီလိုတန်းအောက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကျော်ဇေထက်က ပထမ၊ ရခိုင်ပြည်နယ်မှ ဘုန်းမြတ်စံက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သက်နိုင်ထွန်းနှင့် ရှမ်းပြည်နယ်မှ စိုးသီဟဇော်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသမီး ၆၃ ကီလိုတန်းအောက်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဆောင်းဦးဝေက ပထမ၊ ကချင်ပြည်နယ်မှ ဘန်းတောမ်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ထက်ထက်လင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်မွန်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နှင်းစန္ဒာထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ လီဆောင်ဦးက ဒုတိယ၊ ကယားပြည်နယ်မှ တွယ်တာမိုးနှင့် ရှမ်းပြည်နယ်မှ နန်းနုနုခေါင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ယွန်းဝတီစိုးက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ အိသဇင်နိုင်က ဒုတိယ၊ ရှမ်းပြည်နယ်မှ သဥ္ဇာနှင့် ကချင်ပြည်နယ်မှ သင်းသဇင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၇၈ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းသဲနုနုစံက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ကေသွယ်ဦးက ဒုတိယ၊ ကချင်ပြည်နယ်မှ မဟော်ဒေါင်းညွယ်နှင့် ချင်းပြည်နယ်မှ နန်းနွယ်နွယ်ခမ်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် 9 Ball နှစ်ယောက်တွဲပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စောရွှေဝင်းက ကချင်ပြည်နယ်မှ ဘောမ်ဆောင်ကိုလည်းကောင်း၊ အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ရှမ်းပြည်နယ်မှ ရှိုင်းငယ်ကိုလည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ကချင်ပြည်နယ်မှ ရှိုင်းထက်ကိုကိုကိုလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နုတ်မာရ်က မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်ကိုလည်းကောင်း၊ အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူကိုလည်းကောင်း၊ အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က မန္တလေးတိုင်းဒေသကြီးမှ သက်ထားဗိုလ်ကိုလည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်ကိုလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ကိမ်ရှမ်းဒိတ်ဆန်က ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၄ မှတ်သာ၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ခြောက်မှတ်သာဖြင့်လည်းကောင်း၊ အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ခြောက်မှတ်သာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးမှတ်သာဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး- ဂိုးမရှိ၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ- တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားလေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အမျိုးသား ပင်း ၅၄ ကီလိုတန်းအောက် ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ထွန်းလင်းအောင်က **စာမျက်နှာ ၁၂ သို့** ○

❍ စာမျက်နှာ ၁၁ မှ
စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်ဝေယံကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေစိုးရှိန်က ပဲခူးတိုင်းဒေသကြီးမှ ထက်ဝေကျော်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က တနင်္သာရီတိုင်းဒေသကြီးမှ ထက်မြတ်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင်က ဧရာဝတီတိုင်းဒေသကြီးမှ အောင်ဟိန်းခန့် ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က ကရင်ပြည်နယ်မှ ဝေယံမိုးအောင်ကိုလည်းကောင်း၊ မွန်ပြည်နယ်မှ ဝေလင်းထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠုကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အနိုင်ရရှိ**

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဠုကျော်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ ဈာန်လွှမ်းထူးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကိုက မကွေးတိုင်းဒေသကြီးမှ ရှိုင်းထက်အောင်ကိုလည်းကောင်း၊ ကယားပြည်နယ်မှ အောင်ဖြိုးမင်းက ချင်းပြည်နယ်မှ ရဲမင်းဦးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက မန္တလေးတိုင်းဒေသကြီးမှ ရဲသွင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်က စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ကျော်ဇင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စံလင်းက မွန်ပြည်နယ်မှ အောင်မင်းဖြိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက ကရင်ပြည်နယ်မှ အေးမြတ်သူကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်းက ချင်းပြည်နယ်မှ မေသော်သော်ခိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင်က မွန်ပြည်နယ်မှ ကြယ်စင်သော်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ စုဝတီကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ရခိုင်ပြည်နယ်မှ မိုးအိဖြူကိုလည်းကောင်း၊ ကယားပြည်နယ်မှ ဒီးမြာ က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေဝေချိုကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေစဉ်။

အမျိုးသား ပင်း ၅၄ ကီလိုအောက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကချင်ပြည်နယ်မှ ထွန်းလင်းအောင်က ကယားပြည်နယ်မှ ကျော်ဇေယျာဖြိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဉာဏ်လင်းထက်က ရခိုင်ပြည်နယ်မှ နေစိုးရှိန်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူးက ရန်ကုန်တိုင်းဒေသကြီးမှ သုတမောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မွန်ပြည်နယ်မှ ဝေလင်းထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရန်ကုန်တိုင်းဒေသကြီးမှ စွမ်းနောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ငြိမ်းကိုကို က ကချင်ပြည်နယ်မှ ဇော်ဝဏ္ဏထွန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ကယားပြည်နယ်မှ အောင်ဖြိုးမင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော် က ကရင်ပြည်နယ်မှ စံလင်းကိုလည်းကောင်း၊

အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက တနင်္သာရီတိုင်းဒေသကြီးမှ သဇင်သန့်ကိုကိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အိသဇင် က ကချင်ပြည်နယ်မှ ဂျာဒန်ဆိုင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ အေးနှင်းဖြူက ပဲခူးတိုင်းဒေသကြီးမှ ကတ်သရင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ကယားပြည်နယ်မှ ဒီးမြာကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ပင်း ၅၄ ကီလိုအောက် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ကချင်ပြည်နယ်မှ ထူးလင်းအောင်က ချင်းပြည်နယ်မှ ဉာဏ်လင်းထက်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ လင်းထက်အောင်က မန္တလေးတိုင်းဒေသကြီးမှ စောရန်ထူးကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသား ဖလိုင်း (၅၄-၅၈) ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးက ရှမ်းပြည်နယ်မှ ငြိမ်းကိုကို ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ စောဘာကလူဒိုက ရခိုင်ပြည်နယ်မှ ဖြိုးထူးကျော်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ပင်း ၄၆ ကီလိုတန်းအောက် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ ထွေးထွေးမာက မန္တလေးတိုင်းဒေသကြီးမှ အိသဇင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သူသူဟန်က ရှမ်းပြည်နယ်မှ အေးနှင်းဖြူကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ချင်းပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ -တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ဗိုဗီနမ်ပြိုင်ပွဲတွင် ကစားသမားနှစ်ဦး ယှဉ်ပြိုင်ထိုးသတ်စဉ်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – နှစ်ပွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး- ဂိုးမရှိ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး – တစ်ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး – နှစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ် အသင်းကို ခြောက်ဂိုး– နှစ်ဂိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၂၄ ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ -တစ်ပွဲ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အဆင့်လိုက်ရပ်တည်မှု**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ယနေ့အချိန်ထိ အဆင့်လိုက်ရပ်တည်မှုအနေဖြင့် ဝန်ကြီးဌာနအဆင့်အားကစားပြိုင်ပွဲများတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေနှစ်ခု၊ ကြေးတစ်ခုဖြင့် အဆင့်(၂)နေရာတွင်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေနှစ်ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၂၆ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၁ ခု ဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေ ၁၃ ခု၊ ငွေ ၁၄ ခု၊ ကြေး ၂၂ ခု ဖြင့် အဆင့်(၂) နေရာတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေခြောက်ခု၊ ကြေး ၁၀ ခု ဖြင့် အဆင့်(၃)နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဗိုဗီနမ်ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဟိန်းထက်လင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - ဟိန်းထက်လင်း




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ - ဟိန်းထက်လင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - နိုင်လင်းကြည်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - နိုင်လင်းကြည်



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ - မျိုးထက်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော့ခံပွဲ တက်ရောက်




ရန်ကုန် ဒီဇင်ဘာ ၁၂

ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော့ခံပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး တာဝန်ခံ Dr. Rashid Abdulla Al-Kuwari နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီး၊ ဇနီးနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး ကာတာနိုင်ငံ သံရုံးတာဝန်ခံက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကာတာနိုင်ငံ သံရုံးတာဝန်ခံတို့သည် အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကာတာနိုင်ငံသံရုံးတာဝန်ခံက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော့ခံသည်။

အဆိုပါ ညှော့ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး စိန်ရတုပြည့်နှစ် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေးဆွေးနွေး




နေပြည်တော် ဒီဇင်ဘာ ၁၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်နှင့် ကောလိပ်တို့သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တရုတ်-မြန်မာသံတမန်ဆက်ဆံရေး ထူထောင်ခြင်း စိန်ရတု (၇၅)နှစ်ပြည့် ၂၀၂၅ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် ဆွေးနွေးပြီး သုတေသနပရောဂျက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု လေ့လာသည်။

**ရောက်ရှိ**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်း၌ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နည်းပညာများ မျှဝေဖလှယ်ရေး၊ ပညာတော်သင်များစေလွှတ်ရေးတို့ကို အဖွဲ့လိုက် အသေးစိတ် ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လီသီယမ်အိုင်းရွမ်း ဘက်ထရီနှင့် ဒြပ်ပစ္စည်းနည်းပညာ အမျိုးသားသုတေသနဌာနရှိ ဓာတ်ခွဲခန်းများတွင် ဆရာနှင့် ကျောင်းသားများ၏ အဖွဲ့လိုက်အဆင့်မြင့် ကိရိယာများဖြင့် သုတေသနပြုလုပ်နေမှု၊ ဒြပ်ပစ္စည်းသိပ္ပံဌာန၌ စွန့်ပစ်ဘက်ထရီနှင့် သတ္တုကုန်ကြမ်းများကို သန့်စင်သောသုတေသနပြုလုပ်နေမှုနှင့် သုတေသနရလဒ်များကို လေ့လာသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယူနန်နည်းပညာကောလိပ် (ယူနန်စက်မှုနှင့် ကုန်သွယ်ရေး သက်မွေးပညာကောလိပ်)သို့ ရောက်ရှိပြီး ဌာနများ၌ သက်မွေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေမှု၊ စစ်မှုထမ်းဟောင်းများအတွက် သက်မွေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေမှုနှင့် ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့အဆင့် နည်းပညာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၏ စက်ရုပ်နည်းပညာ ပရောဂျက်များဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများ၊ Automation စက်များကို ကျောင်းသားတစ်ဦးစီက တပ်ဆင်နေမှုများ၊ အလုပ်ရုံများ၌ စက်မှုဇုန်သုံးစက်များဖြင့် ကျောင်းသားများ လေ့ကျင့်နေမှုများ၊ Robotic ကိုယ်ထည်ပြုလုပ်ရန် ကျောင်းသားများက CNC စက်များဖြင့် ခုတ်စားနေမှုများ၊ ပြတိုက်တွင် သမိုင်းမှတ်တမ်းများ၊ ကျောင်းသားများက ကမ္ဘာ့အဆင့်နည်းပညာဆုများ ရရှိမှုမှတ်တမ်းများကို လှည့်လည်လေ့လာခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် အဖွဲ့လိုက် ရင်းနှီးပွင့်လင်းစွာ နည်းပညာများ မျှဝေဖလှယ်နိုင်ရေး အသေးစိတ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E.Mr.Batu KHASIKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အသက် ၁၀၀ ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ချီးမြှင့်ငွေပေးအပ်



နေပြည်တော် ဒီဇင်ဘာ ၁၂

ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ဆန်ဒေါင်းဖောင်(အငြိမ်းစား)အား အသက် ၁၀၀ ပြည့် ဂါရဝပြုချီးမြှင့်ငွေကို ဒီဇင်ဘာ ၉ ရက်က သွားရောက်ပေးအပ်ကြသည်။

ထိုသို့ သွားရောက်ပေးအပ်ရာတွင် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သား ဆန်ဒေါင်းဖောင် (အငြိမ်းစား)ကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ဂါရဝပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အဖွဲ့ဝင်နိုင်ငံတွေကို ဘက်လိုက်မှုမရှိဘဲ တန်းတူညီမျှ ဆက်ဆံပေးစေလိုပါတယ်

----- လုပ်သားမောင် -----

**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ် အရေးယူမယ့်ဆုံးဖြတ်ချက်အဆို (မူကြမ်း)ကို ၂၀၂၅ ခုနှစ် မတ်လမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပပြုလုပ်မယ့် ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးကို တင်သွင်းမယ်လို့ သိရှိရပါတယ်။**

> **❝ ILO အနေနဲ့ အလုပ်သမားအရေးကိစ္စတွေတိုးတက်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတွေနဲ့လက်တွဲပြီး ကူညီဆောင်ရွက်ရမှာဖြစ်ပေမယ့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်တဲ့ အပြုအမူတွေနဲ့ အရေးယူပိတ်ဆို့မှုတွေပြုလုပ်ဖို့ ဆောင်ရွက်တာဟာ မြန်မာအလုပ်သမားထုကို အလုပ်အကိုင် ရှားပါးလာစေဖို့၊ လူကုန်ကူးခံရစေဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးမှုခံရစေဖို့၊ လိင်ကျေးကျွန်များဖြစ်စေဖို့၊ လက်နက်ကိုင်သောင်းကျန်းသူတွေကြီးစိုးရာဒေသတွေ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာ နေရာဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ တိုးတက်လာစေဖို့၊ လောင်းကစားလုပ်ငန်းတွေနဲ့ တရားမဝင်လုပ်ငန်းတွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေဖို့ လုပ်ဆောင်နေသလို ဖြစ်နေပါတော့တယ် ❞**

မြန်မာနိုင်ငံအနေနဲ့ ၁၈-၅-၁၉၄၈ ရက်နေ့မှာ ILO ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ILO ရဲ့ ပြဋ္ဌာန်းချက် ၁၉၀ ခုအနက် ၁၉ ခုကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ILO ရဲ့ အခြေခံပြဋ္ဌာန်းချက် (Fundamental/Core Convention) ၁၀ ခုမှာ အဖွဲ့ဝင်နိုင်ငံတိုင်း အတည်ပြုလက်ခံထားခြင်း မရှိစေကာမူ မဖြစ်မနေ လိုက်နာကျင့်သုံးရမယ့် ပြဋ္ဌာန်းချက်ထဲမှာ ပါဝင်တဲ့ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၂၉) (Forced Labour Convention No.29)၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နဲ့ စည်းရုံးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၈၇) (Freedom of Association and the Protection of the Right to Organize Convention No.87) တို့ကို မြန်မာနိုင်ငံက ၄-၃-၁၉၅၅ ခုနှစ်က စတင်လက်ခံကျင့်သုံးပြီး လိုက်နာဆောင်ရွက်ခဲ့ပေမယ့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉) ကို လိုက်နာဖို့ ပျက်ကွက်ကြောင်း စွပ်စွဲချက်နဲ့ ILO က ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (COI)ကို ဖွဲ့စည်းခဲ့ပါတယ်။ ပြီးနောက် ILO ရဲ့ ဖွဲ့စည်းပုံ စည်းမျဉ်း၊ အပိုဒ် ၃၃ ကို ကျင့်သုံးကာ ၂၀၀၀ ပြည့်နှစ် (၈၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ(ILC)မှာ မြန်မာနိုင်ငံအပေါ် အရေးယူတဲ့ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့တာကို လေ့လာသိရှိရပါတယ်။

ဒီလို ကန့်သတ်ချက်တွေ ချမှတ်ခဲ့တာကြောင့် အလုပ်သမားရေးရာနဲ့ဆက်နွှယ်ပြီး မြန်မာနိုင်ငံမှာ လူမှုစီးပွားဖွံ့ဖြိုးမှုကို များစွာအကျိုးသက်ရောက်မှု ဖြစ်ခဲ့ရတဲ့အတွက် နိုင်ငံတော်အစိုးရက အဓမ္မခိုင်းစေမှုပပျောက်ရေးဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေရေး အထောက်အကူပြုနိုင်ဖို့ မြန်မာနိုင်ငံမှာ ILO ဆက်သွယ်ရေးအရာရှိတစ်ဦး ထားရှိဖို့ အစိုးရနဲ့ ILO တို့အကြား ၂၀၀၂ ခုနှစ်က နားလည်မှုစာချွန်လွှာရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့တာကို လေ့လာသိရှိရပါတယ်။

ဒါ့အပြင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးအတွက် ၂၀၀၇ ခုနှစ်က နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်က အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးပူးတွဲမဟာဗျူဟာ (Joint Strategy for the Eradication of Forced Labour by 2015) ဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ်မှာလည်းကောင်း ထပ်မံလက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့ရာ ILO အနေနဲ့ COI ရဲ့ အကြံပြုတိုက်တွန်းချက်တွေအပေါ် မြန်မာနိုင်ငံက လိုက်နာအကောင်အထည်ဖော်မှုကို ကျေနပ်ဖွယ်ရာ တွေ့ရှိရတဲ့အတွက် ၂၀၁၂ ခုနှစ် (၁၀၁) ကြိမ်မြောက်နဲ့ ၂၀၁၃ ခုနှစ် (၁၀၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွေမှာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ကန့်သတ်ချက်အားလုံးကို ဖယ်ရှားပေးခဲ့ပါတယ်။

ယခုတစ်ခါ မြန်မာနိုင်ငံက ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၂၉) နဲ့ (၈၇) တို့ကို လိုက်နာဖို့ ပျက်ကွက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry-COI) ကို ၂၀၂၂ ခုနှစ်မှာ ဖွဲ့စည်းပြီး ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးကာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမယ့် ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ကြိုးပမ်းဆောင်ရွက်ခြင်းဟာ ILO ရဲ့နှစ်ပေါင်း ၁၀၀ အတွင်း သမိုင်းတစ်လျှောက်မှာ မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ် အလုပ်သမားအရေးကို အကြောင်းပြုလို့ နိုင်ငံရေးအရ ဖိအားပေးဖို့အတွက် ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ထပ်မံကျင့်သုံးဖို့ ကြိုးပမ်းနေခြင်းဖြစ်တယ်ဆိုတာ တွေ့ရှိလာရပါတယ်။

ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၂၉) ကို လိုက်နာဆောင်ရွက်တဲ့အနေနဲ့ အဓမ္မခိုင်းစေမှု တိုင်ကြားချက်တွေကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism- NCM) ထူထောင်ပြီး ဖြေရှင်းနိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်မှာ NCM ထူထောင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်က စတင်လို့ NCM က အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၈၇) ကို လိုက်နာဆောင်ရွက်တဲ့အနေနဲ့ ၂၀၁၁ ခုနှစ်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းပြီး အလုပ်သမားအဖွဲ့အစည်းတွေ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခဲ့ရာမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၃၃ ဖွဲ့၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်း ၁၅၈ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း ၃၀၅၄ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့တဲ့အပြင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ သုံးပွင့်ဆိုင်ယန္တရားတိုးတက်စေရေး၊ လုပ်ငန်းခွင်ထိခိုက်မှုများမှ ကာကွယ်နိုင်ရေး၊ ကလေးအလုပ်သမားများ ပပျောက်စေရေး၊ လူမှုဖူလုံရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးနဲ့ အလုပ်သမားများအကျိုးအတွက် အခြား အလုပ်သမားရေးရာကိစ္စရပ်များ တိုးတက်ဖြစ်ထွန်းစေရေး ရည်ရွယ်ချက်တွေနဲ့ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ရပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ကို အလုပ်သမားများ လုပ်ငန်းခွင်အခွင့်အရေးများဆိုင်ရာ စံသတ်မှတ်ချက်နဲ့ အခြေခံစည်းမျဉ်းများမြှင့်တင်ရေး၊ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ ဝင်ငွေဆိုင်ရာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးရေး၊ လူမှုကာကွယ်ရေးဆိုင်ရာ အကျုံးဝင်မှုနဲ့ ထိရောက်ကောင်းမွန်မှုကို မြှင့်တင်ရေး၊ သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းစေရေး စသည်တို့ကို အဓိကထားဆောင်ရွက်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။

**ILO အနေနဲ့ အလုပ်သမားအရေးကိစ္စတွေ တိုးတက်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတွေနဲ့ လက်တွဲပြီး ကူညီဆောင်ရွက်ရမှာ ဖြစ်ပေမယ့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်တဲ့ အပြုအမူတွေနဲ့ အရေးယူပိတ်ဆို့မှုတွေပြုလုပ်ဖို့ ဆောင်ရွက်တာဟာ မြန်မာအလုပ်သမားထုကို အလုပ်အကိုင်ရှားပါးလာစေဖို့၊ လူကုန်ကူးခံရစေဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးမှုခံရစေဖို့၊ လိင်ကျေးကျွန်များဖြစ်စေဖို့၊ လက်နက်ကိုင်သောင်းကျန်းသူတွေ ကြီးစိုးရာဒေသတွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ တိုးတက်လာစေဖို့၊ လောင်းကစားလုပ်ငန်းတွေနဲ့ တရားမဝင်လုပ်ငန်းတွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေဖို့ လုပ်ဆောင်နေသလို ဖြစ်နေပါတော့တယ်။**

ILO အနေနဲ့ မြန်မာနိုင်ငံကို အခြားအဖွဲ့ဝင်နိုင်ငံတွေနည်းတူ တန်းတူထား ဆက်ဆံခြင်းမရှိဘဲ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ် အရေးယူမယ့် ဆုံးဖြတ်ချက်အဆို(မူကြမ်း) အား ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးကို တင်သွင်းဖို့ ဆုံးဖြတ်မှုဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူဆက်ဆံမှုမပြုခြင်းဖြစ်တဲ့အတွက် ILO အနေနဲ့ အလုပ်သမားထုရဲ့ကောင်းကျိုးကို မျှော်ကိုးပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေကိုသာ လုပ်ဆောင်ပေးသင့်တယ်လို့ လေ့လာသုံးသပ်တင်ပြလိုက်ရပါတယ်။ ။

> **❝ ILO အနေနဲ့ မြန်မာနိုင်ငံကို အခြားအဖွဲ့ဝင်နိုင်ငံတွေနည်းတူ တန်းတူထားဆက်ဆံခြင်းမရှိဘဲ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ်အရေးယူမယ့် ဆုံးဖြတ်ချက် အဆို(မူကြမ်း) အား ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးကိုတင်သွင်းဖို့ ဆုံးဖြတ်မှုဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူဆက်ဆံမှုမပြုခြင်းဖြစ်တဲ့အတွက် ILO အနေနဲ့ အလုပ်သမားထုရဲ့ကောင်းကျိုးကို မျှော်ကိုးပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေကိုသာ လုပ်ဆောင်ပေးသင့် ❞**

# ကင်းသာရေထိန်းတမံပြုပြင်မှု ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးအောင် စီမံဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြစ်ရေတင်လုပ်ငန်း၊ ရေပေးမြောင်းနှင့် ရေထိန်းတမံပြုပြင်ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိ စစ်တောင်းမြစ်ရေတင်စက်ရုံနှင့် ရေပေးမြောင်းပြုပြင်မွမ်းမံပြီးစီးမှု၊ ဒေသခံတောင်သူများ၏ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီ နွေသီးနှံရေပေးဝေခဲ့မှုနှင့် ၂၀၂၄-၂၀၂၅ နွေသီးနှံစိုက်ပျိုးရာသီရေပေးဝေရန် စီမံဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရေဝေချောင်း (ပိတောက်ချောင်း) နှင့် ကျောက်ဆည်ချောင်း (ငါးရံ့ချောင်း)တို့အပေါ်တွင် တည်ဆောက်ထားသော ကင်းသာရေထိန်းတမံသို့ရောက်ရှိရာ တာဝန်ရှိသူများက ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းအလိုက်ကြည့်ရှုစစ်ဆေးပြီး တမံရေဝပ်ဧရိယာရှိ သဲနုန်းများ ဖယ်ရှားရှင်းလင်း၍ မူလရေလှောင်ပမာဏပြည့်သိုလှောင်နိုင်ရေး၊ ရေတားတမံ ရေဝင်လမ်းကြောင်းပေါ်တွင် နုန်းတားတမံတည်ဆောက်ရေးနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် တမံမျက်နှာပြင် ထပ်မံထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရမည့်လုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ကင်းသာရေထိန်းတမံပြုပြင်မှုသည် လုပ်ငန်းအားလုံး၏ ၁၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးအောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဏ္ဏမာကျေးရွာတွင် မြေအောက်ရေဖြင့် မိုးစပါးစိုက်ကွင်းတစ်ကွင်းတစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး၍ စက်ရေတွင်းဖြင့် ရေတင်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သာစည် - ရွှေညောင် - တောင်ကြီး ရထားလမ်းပိုင်း ရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သာစည် - ရွှေညောင် - တောင်ကြီးရထားလမ်းပိုင်းတွင် ရေတိုက်စားပြီး မြေပြိုကျ၍ ပျက်စီးမှုဖြစ်ပွားခဲ့သည့် ဆင်တောင် - မြင်းဒိုက်ဘူတာအကြားရှိ ရထားလမ်းတာပေါင်နေရာများ၊ ကမ်းပါးနီဥမင် အဝင်/အထွက်နေရာများ၊ ဆင်တောင်ဘူတာ၊ မြင်းဒိုက်ဘူတာနှင့် ခွေးရုပ်ဘူတာတို့တွင် ရေတိုက်စားပြီး မြေပြိုကျမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သာစည်-ရွှေညောင် ရထားလမ်းပိုင်းတွင် ရထားခရီးစဉ်များ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားအင်အားများကို စနစ်တကျစုဖွဲ့အသုံးပြု၍ သတ်မှတ်စံနှုန်းအတိုင်း စနစ်တကျပြန်လည်ပြုပြင်သွားရန်၊ မြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရန်၊ ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရေပြွန်များထည့်သွင်းတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ရေမြောင်းများပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပေါ်မှု- ထီသိမ်- တောင်ကြီး ရထားလမ်းပိုင်း ပျက်စီးချို့ယွင်းမှုများဖြစ်ပေါ်ခဲ့သည့်ရထားလမ်းအူကြောင်း မြေကြီးတာပေါင်လုပ်ငန်း၊ တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၊ Gabion Basket ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို စစ်ဆေးပြီး ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း စနစ်တကျကောင်းမွန်ရေး ပြုပြင်ရန်လိုအပ်သည့်ပစ္စည်းများ လုံလောက်မှုရှိရေး စီစဉ်ထောက်ပံ့ပေးသွားရန်၊ ပြန်လည်အသုံးပြုနိုင်သည့် ဆယ်တင်ပစ္စည်းများကို အလေအလွင့်မဖြစ်စေရေး စနစ်တကျပြန်လည်အသုံးပြုသွားရန်နှင့် ရထားများအမြန်ပြန်လည်ပြေးဆွဲနိုင်ရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# လွိုင်ကော်မြို့နယ်အတွင်း နေရပ်ပြန်ပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၁၂

လွိုင်ကော်မြို့နယ်အတွင်း နေရပ်ပြန်ပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒုတိယဒေသ ကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြသူများအား မိမိတို့ဒေသ နေရပ်အသီးသီးသို့ အဆင်ပြေစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်း၍ စနစ်တကျစီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြန်လည်အခြေချနေထိုင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးလုပ်ငန်းအဆင့်အလိုက် စနစ်တကျစီမံချက်ရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း နေရပ်ပြန်ပြည်သူများအား လိုအပ်သောအထောက်အကူပြုပစ္စည်းများနှင့် သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးကိစ္စများ၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လွိုင်ကော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လွိုင်ကော်မြို့ပေါ် ရပ်ကွက်များတွင် ပြန်လည်ဝင်ရောက်အခြေချနေထိုင်လိုသည့် ပြည်သူများ၏ အခြေအနေများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် လမ်းတံတား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားနိုင်ရေးကိစ္စများ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ ပြန်လည်ဝင်ရောက်လာသူများ၏ နေထိုင်ရေးအတွက် ပြန်လည် တည်ဆောက်ရေးတွင် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)နှင့် မော်တော်ယာဉ် နည်းပညာသုတေသန(ပြင်ဦးလွင်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်) နှင့် မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီးနှင့် ဌာနတာဝန်ခံတို့က ကျောင်းဆိုင်ရာအချက်အလက်များ၊ သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆောင်ရွက်နေမှုများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးဆုံးကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်နှင့် ကျင့်ဝတ်များ လေးစားလိုက်နာသော နိုင်ငံသားကောင်းများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်) နှင့် မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)ရှိ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ၌ ကျောက်ကပ်အစားထိုးရန်လိုအပ်သော ကျောက်ကပ်ရောဂါလူနာအတွက် ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ယမန်နေ့က ဆောင်ရွက်နိုင်ခဲ့သည်။



**အားပေးစကားပြောကြား**

ထိုသို့ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို လိုအပ်သည်များ မှာကြားသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာသည် ပျဉ်းမနားမြို့နယ်တွင် နေထိုင်သည့် ပြည်သူတစ်ဦးဖြစ်ပြီး ကျောက်ကပ်ကို ၎င်း၏ဖခင်က လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ဆေးရုံအထူးကြပ်မတ်ကုသဌာန၌ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူနာနှင့် ကျောက်ကပ်အလှူရှင် နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် လစဉ်ပုံမှန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုအခါ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌လည်း ပုံမှန်ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျောက်ကပ်ရောဂါလူနာကို ခွဲစိတ်ကုသခဲ့ရာတွင် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာလမင်းဝင်း၊ နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ဝင်းတို့က ဦးဆောင်၍လည်းကောင်း။

ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာရည်ရည်ခိုင်တို့က ဦးဆောင်၍လည်းကောင်း၊ နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာ သတိုးသိန်းဇံနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါရဂူ ဒုတိယဗိုလ်မှူးကြီးကျော်သူရ၊ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေဌေးတို့က ဦးဆောင်၍လည်းကောင်း။

မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမူမူနိုင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာ နုနုမေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေတို့က ဦးဆောင်၍လည်းကောင်း၊ ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့နှင့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ (ရောဂါဗေဒ) ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာ ခိုင်ဝင်းထွန်းနှင့် အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမိမိခိုင်တို့က ဦးဆောင်၍လည်းကောင်း၊ ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာခိုင်ရွှေဝါနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာသဇင်သန်းတို့က ဦးဆောင်၍လည်းကောင်း ခွဲစိတ်ကုသပေးခဲ့ကြသည်။

ထို့အတူ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကျွမ်းကျင်သူနာပြုဆရာမကြီးဖြစ်သော ဒေါ်ကေသီနွယ် ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကံမမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး



**ကံမ ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ တောင်သူ နည်းပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်ဇရိယာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သရက်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံများကို တောင်သူများနှင့်ညှိနှိုင်းပြီး ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ကေသွယ်ဝင်းက ထရိုင်ကိုဒါးမားမှို အသုံးပြု၍ မှို ရောဂါကာကွယ်နှိမ်နင်းနည်း၊ ဥက္ကပ်ပါးနကျယ် အသုံးပြု၍ ပိုးမွှားကာကွယ်နှိမ်နင်းနည်းများ၊ ခရိုင်မြေအသုံးချတာဝန်ခံ ဦးဇော်မိုးလွင်က ငါးအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်း၊ အကျိုးပြု အဏုဇီဝဖျော်ရည်အသုံးပြု၍ မြေဆွေးပြုလုပ်နည်း၊ ဘိုကာရှီမြေသြဇာပြုလုပ်နည်းနှင့် ရိုးပြတ်များအားပုလဲမြေသြဇာနှင့် အကျိုးပြုအဏုဇီဝဖျော်ရည်အသုံးပြု၍ ထယ်ထိုးမြေမြှုပ်ခြင်းနည်းပညာများ၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများနှင့် မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်နုနုတင်က မျိုးစေ့ထုတ် သမဝါယမအသင်းဖွဲ့စည်းခြင်း လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးသည်။

ဆက်လက်၍ တောင်သူ ဦးတင်အောင်၏ လယ်မြေတွင် မီးခိုးမြူငွေ့ကင်းစင်ရေး စပါးရိုးပြတ်များကိုမီးမရှို့ဘဲ အလွယ်တကူဆွေးမြည့်စေ၍ မြေသြဇာအဖြစ် အသုံးပြုနိုင်မည့်နည်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

# မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး၌ ယနေ့နံနက်ပိုင်းက မီးငြိမ်းသတ်ပစ္စည်းကိရိယာများ အသင့်ရှိစေရေး၊ မီးငြိမ်းသတ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုတတ်စေရေးတို့အတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြဇာတ်တိုက်လေ့ကျင့်သည်။



ထိုသို့ လေ့ကျင့်ရာတွင် မရမ်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်၊ မြို့နယ်ဦးစီးမှူး ဦးဇာနည်ထက်၊ မြို့မရဲစခန်းမှ ခေတ္တမြို့နယ်မှူး ဒုရဲမှူးဦးနေသူရိန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ဈေးတာဝန်ခံများ၊ ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး ဈေးအတွင်း အသင့်ထားရှိသည့် အပေါ့စား မီးသတ်စက်၊ မီးသတ်ဆေးဘူးများ စစ်ဆေးခြင်း၊ မီးသတ်ရေကန်များစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများ၊ မီးသတ်စက်ဖြင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်မျိုးဆက်သစ်အားကစားသမားတွေ ပေါ်ထွက်လာဖို့အတွက်ကတော့ ပြိုင်ပွဲတွေ များများကျင်းပပေးနိုင်ဖို့လိုပါတယ်

ဦးကျော်ထူးအောင်

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ
အလင်းသစ်၊ လင်းရာမ

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-


ဦးကျော်စိုးနိုင်



မောင်အဂ္ဂပိုင်ဇေ


ဦးကျော်ထူးအောင်


မောင်ညီညီထွန်း


ကိုဇေယျာမင်း


ကိုတင့်နိုင်ဝင်း


မနှင်းသဲ

**ဦးကျော်စိုးနိုင်**
**ဘော်လီဘောအသင်းအုပ်ချုပ်သူ**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ မန္တလေးတိုင်းဒေသကြီး အမျိုးသားဘော်လီဘောအသင်း ရွှေတံဆိပ်ဆုရတာ အင်မတန်ဝမ်းသာပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ အမျိုးသားဘော်လီဘောအားကစားသမား ၃၀ နဲ့ အမျိုးသမီးဘော်လီဘောအားကစားသမား ၃၀ ကို လူရွေးပွဲလုပ်ပါတယ်။ အဲဒီကနေ အမျိုးသား ၁၈ ယောက်၊ အမျိုးသမီး ၁၄ ယောက်ကို ပဏာမရွေးချယ်ပြီး နိုဝင်ဘာ ၁ ရက်က စပြီးစခန်းသွင်းလေ့ကျင့်ပါတယ်။ အခုဘော်လီဘောပြိုင်ပွဲက အသက် ၂၀ အောက်ဆိုတော့ မျိုးဆက်သစ်အားကစားသမားတွေ အများကြီးထွက်ပေါ်လာနိုင်တယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းအနေနဲ့ ၂၀၁၇ ခုနှစ် နောက်ပိုင်း ရွှေမရတော့ဘဲ အခုမှပြန်ရတာဖြစ်ပါတယ်။ အမျိုးသမီးအသင်းကတော့ အရင်က နှစ်နှစ်ဆက်တိုက်ရွှေရခဲ့တယ်။ အခုပြိုင်ပွဲမှာတော့ အသက် ၂၀ အောက်ဖြစ်သွားလို့ တတိယနဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

**မောင်အဂ္ဂပိုင်ဇေ**
**ဂျူဒိုအားကစားပြိုင်ပွဲဝင်**
**မွန်ပြည်နယ်ကိုယ်စားပြု**

အမျိုးသားဂျူဒိုပြိုင်ပွဲမှာ တတိယနဲ့သာ ကျေနပ်ခဲ့ရပေမယ့် ဒီပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလို့ အများကြီးဝမ်းသာပါတယ်။ အပြင်းအထန်လေ့ကျင့်ပြီး လာရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ ကျွန်တော့်ရဲ့ ဂျူဒိုဆရာဖုန်းကျော်နဲ့ တွေ့ပြီး လေ့ကျင့်ရေးသုံးလလောက် ဆင်းခဲ့ပါတယ်။ တစ်ပတ်လေး ရက်လောက် လေ့ကျင့်ဖြစ်တယ်။ ဂျူဒိုအားကစားနည်း ပြိုင်တဲ့အခါ အားကစားသမားတွေရဲ့ ခွန်အားနဲ့စိတ်ဓာတ်က အရေးကြီးပါတယ်။ ဂျူဒိုအားကစားက အားလမ်းကြောင်းပေါ်မှာပဲမူတည်တော့ ဒီဘက်ကိုဖြတ်ရင် ဟိုဘက်ကိုဝင်မယ်။ ခြေထောက်တွေ ထိုးမယ်။ သူများကိုဖြတ်မှ ကိုယ်ကကိုင်ပေါက်လို့ရတဲ့ပုံစံမျိုးဖြစ်တယ်။ တတိယလုပွဲမှာ စစ်ကိုင်းနဲ့တွေ့ဆုံခဲ့တာဖြစ်ပြီး အချုပ်နဲ့ အနိုင်ရတာမဟုတ်ဘဲ ကိုင်ပေါက်တဲ့နည်းနဲ့သာ အနိုင်ရလို့ တတိယရခဲ့တာဖြစ်ပါတယ်။

**ဦးကျော်ထူးအောင်**
**အတွင်းရေးမှူး**
**မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးကလူငယ်အားကစားသမားတွေ လာရောက်ယှဉ်ပြိုင်တဲ့ ပွဲဖြစ်တဲ့အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်လောကအတွက် မျိုးဆက်သစ် အားကစားသမားတွေ ရွေးချယ်ရတဲ့နေရာမှာ အများကြီး အထောက်အကူပြုတဲ့ပွဲတစ်ပွဲ ဖြစ်ပါတယ်။ ပြေးခုန်ပစ်အားကစားနည်းက ၂၄ နည်းကနေ ၂၈ နည်းအထိရှိပါတယ်။ အခုပြိုင်ပွဲမှာ အမျိုးသား၊ အမျိုးသမီးပေါင်းရင် ၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ လူငယ်မျိုးဆက်သစ် အားကစားသမားတွေ ပေါ်ထွက်လာဖို့အတွက်ကတော့ ပြိုင်ပွဲတွေများများကျင်းပပေးနိုင်ဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ အားကစားလောကဖွံ့ဖြိုးတိုးတက်အောင် အသက် ၁၄ နှစ်အောက်တွေ၊ အသက် ၁၆ နှစ်အောက်ပြိုင်ပွဲတွေကပိုအရေးကြီးပါတယ်။ အဲဒီပြိုင်ပွဲတွေ များများလုပ်မှ အသက် ၁၆ နှစ် အထက် မြန်မာ့လက်ရွေးစင် အားကစားသမားတွေ မွေးထုတ်လို့ရမှာပါ။ ဒါကြောင့် အခြေခံပညာအဆင့် ပြိုင်ပွဲတွေလည်း စဉ်ဆက်မပြတ်ကျင်းပပေးဖို့ လိုမှာဖြစ်ပါတယ်။

**မောင်ညီညီထွန်း**
**ပြေးခုန်ပစ်ပြိုင်ပွဲဝင်**
**ကရင်ပြည်နယ်ကိုယ်စားပြု**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ရဲ့ အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲမှာ ၁ ဒသမ ၉၆ နဲ့စံချိန်တင်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့တာကို ကရင်ပြည်နယ်ကိုယ်စားပြု ကစားသမားတစ်ဦးအနေနဲ့ ဂုဏ်ယူရပါတယ်။ ၂၀၂၁ ခုနှစ်တုန်းကလည်း တစ်ခါဝင်ပြိုင်ဖူးပါတယ်။ အဲဒီတုန်းကလည်း ဆုရခဲ့ပါတယ်။ ဒီနေ့ပါဝင်ယှဉ်ပြိုင်ဖြစ်တာကတော့ အမြင့်ခုန်တစ်မျိုးတည်းဖြစ်ပြီး အဲဒီပြိုင်ပွဲမှာပဲ ရွှေတံဆိပ်ဆုရခဲ့တာဖြစ်ပါတယ်။ အခုလို ရွှေတံဆိပ်ဆုရဖို့ ဒီအားကစားပြိုင်ပွဲကြီး မစတင်မီ နှစ်လလောက် ကြိုးကြိုးစားစား လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။

**ကိုဇေယျာမင်း**
**ဘိလိယက်/စနူကာ**
**ကရင်ပြည်နယ်ကိုယ်စားပြု**

ဘိလိယက်/စနူကာ အားကစားနည်းနဲ့ ပတ်သက်ပြီး အတွေ့အကြုံကတော့ ၂၆ နှစ်လောက် ရှိသွားပါပြီ။ အခုလို နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲတွေမှာတော့ တစ်ခါမှ ဝင်ရောက်ယှဉ်ပြိုင်ဖူးတာ မရှိပါဘူး။ အရင်က မြဝတီကလပ်မှာတော့ ဝင်ပြိုင်ဖူးပါတယ်။ ဒီအားကစားနည်း ပညာက အတော်လေးခက်ခဲတယ်။ ကျွန်တော်လည်း အခုထိသင်ယူနေဆဲပဲ ဖြစ်ပါတယ်။ အခုလို အားကစားပြိုင်ပွဲတွေ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်တော့ ပြိုင်ပွဲအတွေ့အကြုံ များများရပြီး စွမ်းရည်ထက်မြက်တဲ့ လူငယ်မျိုးဆက်သစ် ကစားသမားတွေ ပေါ်ထွက်လာမယ်လို့ ထင်ပါတယ်။

**ကိုတင့်နိုင်ဝင်း**
**အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ပြိုင်နိုင်ဖို့ ကျွန်တော်တို့ လွန်ခဲ့တဲ့ သုံးလေးလလောက်ကတည်းက လေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံကတော့ ၂၀၁၉ ခုနှစ်က ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲမှာ ဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းနဲ့အတူ ဒိုင်းရခဲ့ဖူးပါတယ်။ လူငယ်ပွဲတွေမှာလည်း အရှေ့တောင်အာရှသဲသောင်ပြင်ပြိုင်ပွဲမှာ ဝင်ပြိုင်ဖူးပါတယ်။ အသင်းက ခြောက်ယောက်ကစားတာဖြစ်လို့ တစ်ယောက်ကောင်းနဲ့မရတော့ အတွေ့အကြုံနုတဲ့ လူငယ်တွေကို ဆွဲခေါ်ရတာတော့ရှိပါတယ်။ အကောင်းဆုံးတော့ ယှဉ်ပြိုင်ကစားသွားမှာပါ။

**မနှင်းသဲ**
**အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲဝင်**
**ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်မက အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲမှာ မီတာ ၂၀၀ ပြိုင်ပွဲမှာရော မီတာ ၄၀၀ ပြိုင်ပွဲမှာပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ လက်ဆင့်ကမ်းပြိုင်ပွဲမှာ ငွေတံဆိပ်ရခဲ့ပါတယ်။ မီတာ ၄၀၀ ပြိုင်ပွဲမှာတော့ အဆင့် ၄ နဲ့ပဲကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ အရင်ပြိုင်ပွဲတွေမှာလည်း ဆုတွေရခဲ့ဖူးပါတယ်။ အများဆုံးဆုရတဲ့ ပြိုင်ပွဲကတော့ မီတာ ၄၀၀ ပြိုင်ပွဲမှာပဲဖြစ်ပါတယ်။

## မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြဝတီ ဒီဇင်ဘာ ၁၂

ကရင်ပြည်နယ် မြဝတီခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးတာဝန်ခံ၊ ဈေးသူဈေးသားများနှင့်အတူ ဘုရင့်နောင်ဈေးကြီးအတွင်း၌ ယနေ့ညနေ ၃ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကျင်းပသည်။

**ဇာတ်တိုက်လေ့ကျင့်**

ဦးစွာ မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်အချက်ပေးခြင်းနှင့် အမြန်မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသပေးကာ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အလင်းသစ်(လူမှုကူညီရေးအသင်း)တို့နှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ကြသည်။

အလားတူ မြဝတီမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ အခြေခံပညာကျောင်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)



## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်-၁၁၀၆ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ ပေx၁၈ ½ ပေ)ရှိ (၂)ထပ်နေအိမ်နှင့် ရေမီးအစုံအပါအဝင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၁၆-၁၂-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်"** ဖြင့် (၁) မထက်နန္ဒာထွန်း [၁၂/အစန(နိုင်)၂၆၆၄၇၆]နှင့် (၂) မောင်ကောင်းညီစံ[၁၂/အစန(နိုင်)၂၆၆၀၅၀]တို့(၂)ဦး ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူများ၏ အုပ်ထိန်းသူ ဒေါ်ယဉ်နန်းပိုင် [၁၂/အစန(နိုင်)၀၀၀၅၇၅]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ၆၂-လမ်း၊ အမှတ် (၂၆)၊ ၄-လွှာ (တိုက်မျက်နှာမူလျှင်-ဝဲဘက်) အကျယ်အဝန်း (၁၂½ပေ × ၆၀ပေ) ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဇော်မင်း (၁၂/ပဘတ (နိုင်) ၀၁၈၄၄၃) မှ တရားဝင်ဝယ်ယူလက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက်၊ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းလာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစိတ်တဒေသအားပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်မောင်သိန်း (စဉ်-၅၃၃၈) ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃)
B.A, RL, D.B.L, D.I.L LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ခိုင်ဇာသွယ် LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၅၀၀၅၄)
အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၇၆၁၅၈ ၊ ၀၉ ၄၃၀၆၄၆၄၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ လူနေရပ်ကွက်အမှတ်(၁၁၉)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် (၅၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်ဝင်းကြည် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်ဦး[၁၀/မလမ (နိုင်) ၁၀၉၂၂၅]မှ မိမိသာလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသန္တာဖြူဝင်း** **ဒေါ်ဇွန်မေဒေး LL.B**
**[၁၂/မဂဒ(နိုင်)၁၃၄၇၆၂]** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပိတောက်ဝါလမ်း၊ အမှတ်(၇၅၁/ခ)၊ မြေအကျယ်အဝန်း(အလျား၂၂xအနံ၆၀)ပေရှိ(ဂရန်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်သိန်း (CL-009581) [၁၂/လမန(နိုင်)၀၉၇၆၈၃]**အမည်ဖြင့်မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်ပြေမာဝင်း [၁၀/ကထန(နိုင်)၀၉၅၉၈၇၀]**မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ထုံးကြီးကျေးရွာနေ မခိုင်သင်းကြည်[၁၂/သခန(နိုင်)၁၃၈၈၅၁]၏ ဖခင် ဦးမောင်စိုး [၁၂/သခန(နိုင်)၀၈၅၇၉၀]နှင့် ဦးစိုးတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၄၄၉)၊ မြေဧရိယာ(၀.၀၆၂)ဧကရှိမြေအား ဒေါ်သီတာအေးမောင် (ဦးအေးမောင် ကွယ်လွန်၏သမီး)မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်- ၁၀၁၉၊ ကွင်း/အကွက်အမှတ်-ဖလေးမြောက်၊ ဦးပိုင်အမှတ်-၆၅က/၂ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိထားသော ဧရိယာ(၆.၁၉)ဧကရှိ ဥယျာဉ်မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ လှည်းကူးမြို့ မြေစာရင်းဦးစီးဌာနတွင် **ဒေါ်နီလာ [၁၂/တမန(နိုင်)၀၃၂၅၈၇]** အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါလယ်မြေအား အမည်ပေါက်ပိုင်ရှင် ဒေါ်နီလာမှ မိမိတစ်ဦးတည်းသာလက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်း နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်( L L.B, D.B.L, D.I.L, D.M.L )**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၇၇၈၅၀**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၅၁/၅၃)၊ မြေညီထပ်ဟုခေါ်တွင်သော (၂၅' x ၆၀')ပေရှိ ရေမီးအစုံ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဝယ်ယူပိုင်ဆိုင်၊ အရှုပ်အရှင်းကင်းစွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်တင်တင်အေး [၁၂/ကမတ(နိုင်)၀၄၀၈၁၂]**ထံမှ အပျောက်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးဝင်း (မအူပင်) B.A, H.G.P, RL** **ဦးမျိုးသိန်းဋ္ဌေး LLB, D.B.L, D.I.L, D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၇၈)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၃၃)**
**အမှတ်(၁၆၂)၊ ပထမထပ်(ယာ)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၆၉၅၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၅၄၂၊ မြေကွက်တည်နေရာအမှတ်(၅၄၂)၊ ထွန်းသီရိ(၃)လမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအောင်သောင်း(CF-၀၇၆၂၁၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးအောင်သောင်း(ဖခင်) နှင့် (မိခင်) ဒေါ်တင်မြိုင်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်တင်တင်နု [၁၂/မဂတ(နိုင်)၀၄၅၀၀၀]၊ ဒေါ်မြမြနု[၁၂/မဂတ(နိုင်)၀၄၅၈၀၂] တို့မှငင်းတို့ ညီအစ်မ(၂)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတို့ညီအစ်မ(၂)ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၂

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ပျဉ်းမနားမြို့နယ် ရွှေချီမိခင်နှင့် ကလေးမူလတန်းကြိုကျောင်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်မိခင်နှင့် ကလေးမူလတန်းကြိုကျောင်းတို့မှ




ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဒီဇင်ဘာ ၁၆ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

★ **ကျောဖုံးမှ**

အင်ဒိုနီးရှားနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ နှစ်သင်းစလုံးပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို အိမ်ရှင်ဖိလစ်ပိုင်အသင်းကလည်း ပထမပိုင်းတွင် ဂိုးရနိုင်သည့်အခွင့်အရေးများ ရသော်လည်း မြန်မာဂိုးသမား ဇင်ညီညီအောင် လက်စွမ်းပြကာကွယ်နိုင်သဖြင့် ဂိုးမပေးလိုက်ရခြင်းဖြစ်သည်။ ၂၅ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ ကစားအားမြှင့်ခဲ့ပြီး ၆၃ မိနစ်တွင် ရဲရင့်အောင်က ဒုတိယဂိုးသွင်းယူသော်လည်း VAR ပြန်ကြည့်ပြီး ပယ်ဖျက်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ ၇၁ မိနစ်တွင် ဖိလစ်ပိုင်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ခရစ္စတန်ဆန်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက တစ်ပွဲကစား တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရှိ ရေကြောင်းကြပ်တည်းမှု ဖြစ်ပေါ်နေသော နေရာများတွင် သဲစုပ်သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဲစုပ်စက်လှေများ ငှားရမ်းအသုံးပြုလိုပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချခြင်း - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ်(၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ်(၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - (၁၃ - ၁၂ - ၂၀၂၄) (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် | - (၁၉ - ၁၂ - ၂၀၂၄) (၁၅:၃၀) နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - (၂၀ - ၁၂ - ၂၀၂၄) |

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း- ၀၉- ၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် (၁၁) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း ( ၁၂ ½ ပေ x ၆၄ ပေ) ရှိ တိုက်ခန်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမင်း [၁၂/ကမတ(နိုင်)၀၅၅၅၀၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပြည့်ပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၂၂၀၁ )**
**အမှတ် (၂၃၁)၊ ၄ဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၀၇၈/က)၊ မြေကွက်တည်နေရာအမှတ်(၂၁/က)၊ အေးမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မြသိန်း [၁၂/သဃက (နိုင်)၀၀၇၂၃၉]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား မြေ အမည်ပေါက် (မိခင်) ဒေါ်မြသိန်းနှင့် (ဖခင်)ဦးမင်းဟန်တို့ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်တင်တင်မာ [၁၂/သဃက(နိုင်)၀၀၇၂၆၄]၊ ဒေါ်ဝင်းဝင်းမာ [၁၂/သဃက(နိုင်)၀၀၇၂၃၈]တို့မှ ၎င်းတို့ညီအစ်မ (၂)ဦးမှလွဲ၍ အခြားသောကိတ္တိမ သားသမီးတစ်စုံတစ်ရာ၊ အခြားအမွေဆက်ခံပိုင်ဆိုင်သူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာစုပေါင်းပိုင် အဆောက်အအုံအမှတ်(၄၄)၊ (၄)ခန်းတွဲ၊ (၅)ထပ်တိုက်၊ မြေညီထပ်၊ အခန်း(၀၀၁)၊ စတုရန်းပေ(၇၄၀)ရှိ တိုက်ခန်းနှင့်တကွ ဆက်နွယ်နေသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးဝေလင်းအောင်(ငြိမ်း) [၃/လဘန (နိုင်)၀၄၂၇၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြင့်မြင့်စန်း[၉/ပဘန(နိုင်)၁၇၂၄၁၉] နှင့် ဦးဉာဏ်ဝင်းအောင် [၉/မထလ (နိုင်)၂၂၃၄၈၀]တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

မည်သူမဆို အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုဆိုင်ရာ မူရင်းအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B., D. B. L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၈၉၃၅၁၄၅၆၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဒေါပုံစုကျေးရွာနေ မအိလေးမွန်[၁၂/ခရန(နိုင်)၁၇၁၁၀၃]၏ ဖခင် ဦးဝင်းကျော် [၁၂/ခရန(နိုင်)၁၂၅၁၀၈]ကိုင်ဆောင်သူ ဦးဝင်းကျော်နှင့် ဦးဝင်းကျော်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၇၈)နေထိုင်သူ **ဒေါ်ရသီ [၁၂/ပဇတ(နိုင်)၀၁၁၉၄၄]**ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ရသီသည် TOYOTA VITZ 2008** အမျိုးအစား **(5F/8398)**အား (၁၄-၅-၂၀၂၄)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ အဆိုပါမော်တော်ယာဉ်အား ဦးတိုးဝေလင်း [၁၄/ပသန(နိုင်)၂၉၇၉၉၂]ထံသို့ (၁၄-၅-၂၀၂၄)ရက်နေ့တွင်ပင် စတင်ငှားရမ်းခဲ့ပြီး (၁၁-၁၂-၂၀၂၄) ရက်နေ့မှသာ ပိုင်ရှင်ဖြစ်သူ **ဒေါ်ရသီ**၏ လက်ဝယ်သို့ပြန်လည်ရရှိခဲ့ပါသဖြင့် ဦးတိုးဝေလင်းအား ငှားရမ်းထားစဉ်ကာလအတွင်း (၁၁-၁၂-၂၀၂၄)ရက်နေ့ မတိုင်မီအထိ မော်တော်ယာဉ်(5F/8398)နှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်းများ၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဥပဒေနှင့် မလွတ်ကင်းသည့်ကိစ္စရပ်များနှင့် အခြားသောကိစ္စရပ်များအား ဦးတိုးဝေလင်းမှ ပြုလုပ်ထားပါက **ဒေါ်ရသီ**မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မော်တော်ယာဉ်**(5F/8398)**၏ ပိုင်ရှင်မှာ **ဒေါ်ရသီ**ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရသီ၏လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၇၅)**
**အမှတ် (၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-254405798, 09-785610847**

## အများသိစေရန်နှင့် သက်ဆိုင်သူ အမွေဆိုင်များသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈) ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၁၅၇)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှိုင်(ခ) ဒေါ်ခင်လှ [၁၂/သကတ(နိုင်)၂၃၇၇၁၀]ကို ကိုင်ဆောင်ထားသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှိုင် (ခ) ဒေါ်ခင်လှ၏ အဘွားဖြစ်သူ ဒေါ်နူဇံဘီဘီသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်-၃(ခ)၊ ၃(ဃ)၊ ၃(င)၊ ၃(စ)ဟု ခေါ်တွင်သော မြေဧရိယာ (**၅.၈၄၀၃၁**)ဧကကို အမွေပုံပစ္စည်းအဖြစ် ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်များနှင့် ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သူ ဦးငွေသန်းက ဒေါ်တင်အေးပါ (၂၇)ဦးတို့အား တရားပြိုင်များအဖြစ်ထား၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၁အရ အမွေပုံပစ္စည်းစီမံခန့်ခွဲမှုကို လျှောက်ထားခဲ့ပါသည်။

ယင်းအမှုတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်လှိုင်(ခ)ဒေါ်ခင်လှမှာ တရားပြိုင်အမှတ်(၄)အဖြစ် ပါဝင်ခဲ့ပါသည်။ ယင်းအမှုတွင် ရုံးတော်မှ ကျွန်ုပ်၏မိတ်ဆွေအား အမွေဆိုင်အုပ်စု(၃)အဖြစ် သတ်မှတ်၍ ဝေစုခွဲထားခဲ့ရာ အထက်ပါ အမွေဆိုင်ပစ္စည်းများအပေါ်တွင် (၄၅)ပုံ (၂)ပုံကို အကျိုးခံစားခွင့်ပေးထားခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် ဒေါ်နူဇံဘီဘီ ကျန်ရစ်သော မြေ(**၅.၈၄၀၃၁**)ဧကအပေါ်တွင် အမွေဆိုင်ဖြစ်သူ ဦးလှမြင့်မှ ကျောက်တံတားခရိုင်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်(၆၃)အရ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၁၈အရ အမွေထိန်းစာ လျှောက်ထားရယူခဲ့ပြီး ထပ်မံ၍ ယင်းရုံးတော်၌ပင် ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်(၈၁)တွင် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၀၇(၁)(၂)တို့အရ အမွေပုံစီမံခန့်ခွဲမှု လျှောက်ထားခဲ့ရာ တရားပြိုင်နှစ်ဦးဖြစ်သည့် ဒေါ်ခိုင်မွန်မာ(ခ)ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးသန်းလွင်တို့မှ ၎င်း၏လျှောက်ထားချက်ကို ကန့်ကွက်ခဲ့သဖြင့် ဦးလှမြင့်၏ လျှောက်ထားချက်အပေါ်ရုံးတော်မှ အကျိုးသက်ဆိုင်သူများ ကိုယ်တိုင်က ကန့်ကွက်ခြင်းဖြစ်၍ ၎င်းတို့၏ သဘောတူညီမှုမရှိဘဲ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ခွင့်ပြုစေသင့်မည် မဟုတ်ဟု သုံးသပ်၍ ဦးလှမြင့်၏ လျှောက်ထားချက်ကို ပလပ်ခဲ့ပါသည်။

သို့ပါ၍ မည်သူမဆို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှိုင်(ခ) ဒေါ်ခင်လှ၏ သဘောတူခွင့်ပြုချက် လုံးဝမရှိဘဲ အထက်ပါအမွေပစ္စည်းဖြစ်သည့် မြေကွက်များအားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း စသည်တို့ကိုမပြုလုပ်ရန်နှင့် ထို့ပြင်ယင်းမြေကွက်များပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်းစသည်တို့ လုံးဝမပြုလုပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိုသို့ပြုလုပ်သူအပေါ် တည်ဆဲ ဥပဒေများအရ ကျွန်ုပ်၏မိတ်ဆွေမှ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူ အမွေဆိုင်များအားလုံး သိရှိရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်ကျော် B.Sc.,H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)/(၂၉-၆-၁၉၉၀)**
**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)ပန်းဘဲတန်းမြို့နယ်။**
**Ph:09-5186021**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၇)၊ အကျယ်အဝန်း (အလျား၄၀ပေx အနံ၆၀ပေ) အကျယ်ရှိ ပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကို မျက်နှာမူ၍ကြည့်သော်(ဘယ်ခြမ်း) (အလျား ၁၀ပေx အနံ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၆၇) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နွဲ့နွဲ့[၁၂/လမန(နိုင်)၀၃၄၃၂၃] အမည်ပေါက်ကြောင်း၊ ရောင်းသူ ဒေါ်မေချိုအောင် [၁/ဗမန(နိုင်)၀၄၆၂၃၀) မှ အဆက်စပ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးဝေစိုး[၁၂/ဗဟန(နိုင်)၀၁၇၁၁၇]နှင့် ဒေါ်နွယ်နီချစ်စု[၁၂/မဂဒ (နိုင်) ၀၃၀၉၅၆]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ် မြေကွက် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## "ကုန်အမှတ်တံဆိပ်အမည်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (သ/၇) (သ/၈) နေထိုင်သော ဒေါ်သစ်သစ်သိန်း (ဘ) ဦးမြင့်သိန်း [၁၄/ရကန(နိုင်)၁၀၉၈၁၇] မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီးဖြစ်ပါသည်-

၁။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြစ်သည့် "A.K.K" Silk & Cotton အမည်ဖြင့် ရှပ်အင်္ကျီ၊ မဝတ်အင်္ကျီ၊ ပိုးထည်/ချည်ထည်အမျိုးမျိုး၊ တိုက်ပုံ၊ ပုဆိုးအမျိုးမျိုး၊ ပါတိတ်အမျိုးမျိုးလုပ်ငန်းမှ ပိုင်ဆိုင်သော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ရှပ်အင်္ကျီ၊ မဝတ်အင်္ကျီ၊ ပိုးထည်/ချည်ထည် အမျိုးမျိုး၊ တိုက်ပုံ၊ ပုဆိုးအမျိုးမျိုး၊ ပါတိတ်အမျိုးမျိုးလုပ်ငန်းတွင်အစရှိသည့် အဝတ်အထည်လုပ်ငန်းလုပ်ကိုင်မည်ဖြစ်ပြီး၊ ၎င်း "A.K.K" Silk & Cotton အမည်ပါကုန်အမှတ်တံဆိပ်အား မိမိတို့ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမည့်အဝတ်အထည်ပစ္စည်းများအပေါ်တွင်လည်း ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ် ပြုလုပ်၍လည်းကောင်း၊ ဝန်ထမ်းများအမြဲတမ်းဝတ်ဆင်ရန်အတွက် Uniform နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများပေါ် တွင်လည်းကောင်း၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍အသုံးပြုမည်ဖြစ်ပြီး ထည့်သွင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ဖန်ပုလင်း၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ စာလုံးဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ အထက်အမည်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letter Head, G-mail, Internet, Website, Logo,Invitation Letter,Facebook,Youtube,Instagram နှင့် Social Media အစရှိသည်တို့တွင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ တိုင်းဒေသကြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

၄။ အထက်အမည်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတစ်ခုခုဖြင့် တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်း၊ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည့်အထိ ဆက်လက်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉- ၅၄၀၆၆၁၁**

### ပြင်ဆင်ဖတ်ရှုပါရန်

(၂၉. ၁၁. ၂၀၂၄) ရက်နေ့ထုတ် ဤသတင်းစာ၏ စာ-၂၈ ၌ ဒေါ်ခိုင်သူဇာဝင်း (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာချက်ပါ မြေကွက်အမှတ် (၁၈၉၆) ၏ အမည်ပေါက် ပိုင်ရှင် ဦးအေးသွင်အစား ဦးအေးလွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ မြေတိုင်းရပ်ကွက် (၄၆)၊ မြေကွက်အမှတ်(၇၁၉)၊ အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x၆၀)၊ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ် (၇၁၈) နှင့်ကပ်လျက်အခြမ်း၊ ဦးဝင်းကျော် အမည်ပေါက် ဂရန်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ထား၍ တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးရဲမင်းခန့် [၁၂/ကတတ(နိုင်)၀၃၀၇၂၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းဝင်းလတ်က ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်း (မူရင်း)များနှင့်အတူ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**အမှတ် (၁၂၄၂)၊ မြရတနာလမ်း၊ (၂၄) ရပ်ကွက်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၈၆၂၅၂၄၁၇၊ ၀၉-၄၀၀၄၆၂၅၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၆၃၀/က)၊ မြေကွက်တည်နေရာအမှတ်(၆၃၀/က)၊ ဇေယျာသုခလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်စန္ဒာမြင့်[၁၂/ကတတ(နိုင်)၀၀၀၆၉၃] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၈၁/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် ဦးဖြိုးထက်အာကာကျော်မှ (တရားလို)ပြုလုပ်၍ ဒေါ်စန္ဒာမြင့်အပေါ်(တရားပြိုင်)ထားကာ စွဲဆိုခဲ့ခြင်းအား အလျားx အနံ(၂၀x၆၂)ပေ၊ ဧရိယာ(၀.၀၂၉)ဧက၊ ၁၂၄၀စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား အရောင်းအဝယ်စာချုပ်ချုပ် ဆိုပေးစေရန် တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၃-၈-၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၈၁/၂၀၂၄)၏ နေ့စဉ်မှတ်တမ်း/တရားရုံးကိုယ်စားမြေပုံမြေရာဇဝင်ကူးယူ ဆောင်ရွက်ရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း(၂၅-၉-၂၀၂၄) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့ တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်း
## ဆရာအတတ်ပညာသင်တန်း (PPTT)
## အမှတ်စဉ် (၁၂/၂၅) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)၊ အမှတ်စဉ်(၁၂/၂၅)သင်တန်းကို ပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ အဏ္ဏဝါသိပ္ပံ၊ ကုန်ထုတ်ဓာတုဗေဒ၊ Microbiology၊ Biotechnology၊ Biochemistry၊ Environmental Studies၊ Geology၊ B.A(မြန်မာမှု)၊ B.A(ရသ)၊ B.A(ဂီတ)၊ B.A(သဘင်)၊ B.A(ပန်းချီ)၊ B.A(ပန်းပု)၊ B.A(Bussiness Science)၊ B.BSc၊ B.Sc(Sports)၊ B.Ecom(Stats)၊ B.Com) ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် (၃၇)နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက မတ်လ ၃၁ ရက်နေ့တွင် အသက် (၄၂)နှစ်ထက် မကြီးသူ ဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ၏ ခွင့်ပြုစာကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၁၂/၂၅) သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ ပညာရေးဗဟုသုတ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုမည့်ရက်ကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီး မည်သည့်ပညာရေးဒီဂရီကောလိပ်တွင်မဆို တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်ရပါ။

(ဇ) သင်တန်းတက်ရောက်နေစဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်လွှာတင်ရမည့် ပညာရေးဒီဂရီကောလိပ်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တစ်ခုကို ကိုယ်စားပြု၍ လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးဒီဂရီကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှထုတ်ထားသည့် တက္ကသိုလ်ဝင်အောင်မြင်သည့် အထောက်အထား(မိတ္တူ)၊ ဘွဲ့လက်မှတ် (မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)နှင့် (၆)လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးဒီဂရီကောလိပ်အသီးသီးတွင် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လူတွေ့ဖြေဆိုအောင်မြင်သူများသာ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းနှင့် ဘွဲ့ရရှိမှုအထောက်အထား(မူရင်း) တင်ပြနိုင်ရမည်။

၉။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းပြီးစီးအောင် တက်ရောက်ရမည်။ မူလတန်းဆရာအတတ်ပညာလက်မှတ်ရရှိပြီးနောက် လက်ထောက်မူလတန်းပြအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

၁၀။ သင်တန်းပြီးစီးအောင် မတက်ရောက်ခဲ့လျှင်သော်လည်းကောင်း၊ ခန့်ထားခြင်းခံရသော အခြေခံပညာကျောင်းများတွင် တာဝန်မထမ်းဆောင်ခဲ့လျှင်သော်လည်းကောင်း သတ်မှတ်လျော်ကြေး (၁၀)သိန်းကျပ်နှင့်အတူ ကျောင်းတက်ရောက်စဉ် ခံစားခဲ့သော လစဉ်ထောက်ပံ့ကြေး၊ စားသောက်စရိတ်များကို ပြန်လည်ပေးလျော်ရမည်။

**ဆရာအတတ်ပညာဦးစီးဌာန**

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ရက်**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## လုပ်ငန်းခွင်အကြိုမူလတန်း
## ဆရာအတတ်ပညာသင်တန်းအမှတ်စဉ်(၁၂/၂၅)
